# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

## ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာ **(D.C.Sc.)** သင်တန်း
## သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာ(D.C.Sc.)သင်တန်း ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ (D.C.Sc.) သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး Blended Learning ဖြင့် သင်ကြား၍ သင်တန်းကာလမှာ (၁)နှစ်သင်တန်းဖြစ်သည်။

၃။ (D.C.Sc.) သင်တန်း အောင်မြင်ပြီးပါက **Qualify** ဖြစ်သူများသည် မဟာသုတသိပ္ပံ (M.I.Sc.) သင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ရှိသည်။

၄။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာတက္ကသိုလ်များမှ B.C.Sc./B.C.Tech. ဘွဲ့ရရှိပြီးသူများသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပဲ သီးခြားလျှောက်ထားနိုင်သည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်နှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

(စ) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများသည် Referee တစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၅။ (D.C.Sc.) သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြရမည်။

| နေ့စွဲ | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) | English | နံနက် ( ၉:၀၀)နာရီမှ (၁၂:၀၀)နာရီ | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | IQ Test | နေ့လယ် (၁:၀၀)နာရီမှ (၄:၀၀)နာရီ | |

၆။ (၁၇-၁၁-၂၀၂၃)ရက်(သောကြာနေ့)တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆို ကြရမည်ဖြစ်သည်။

၇။ အထက်ပါသင်တန်းကို (၂၃-၁၁-၂၀၂၃) နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာများကိုသတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် (၁၃-၁၁-၂၀၂၃)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၉။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန (ဖုန်း- ၀၉-၄၄၃၄၄၀၄၇၈ / ၀၉-၄၄၃၄၄၀၄၇၉) သို့ တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ပါသည်။